ပြည်သူ့လူထု
ကျန်းမာရေး
လှုပ်ရှားမှု

## ပြည်သူ့လူထုကျန်းမာရေးလှုပ်ရှားမှု



# လူထုကျန်းမာရေးပဋိညာဉ်စာတမ်း

ဘာသာပြန်ဆိုသူ
ဒေါ်မြင့်မြင့်စန်း

# လူထုကျန်းမာရေး ပဋိညာဉ်စာတမ်း

## နိဒါန်း

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး (ဒဗလျူအိတ်ချ်အို) နှင့် ကမ္ဘာ့ကုလသမဂ္ဂ ကလေးငယ်များရံပုံငွေအဖွဲ့ကြီး (ယူနီစက်ဖ်) ၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၃၄ နိုင်ငံမှ ဝန်ကြီးများနှင့် ၁၉၇၈ ခုနှစ်၌ ကျင်းပပြုလုပ်ခဲ့သော အယ်မာ–အက်တာညီလာခံကြီးတွင် “သက္ကရာဇ် ၂၀၀၀ ပြည့်နှစ်၌ လူထုအားလုံးအတွက် ကျန်းမာရေး” ဟူသော စိတ်ကူးအိပ်မက်လှတခုကို ကြေညာခဲ့ကြပြီး အခြေခံကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းဖြင့် ဤစိတ်ကူးအိပ်မက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် အဓိကနည်းလမ်းအဖြစ် ရွေးချယ်လုပ်ဆောင်ခဲ့ကြသည်။

ကံမကောင်းစွာပင် အဆိုပါစိတ်ကူးအိပ်မက်မှာ အကောင်အထည်ပေါ်လာခြင်း မရှိခဲ့ပါပေ။ တတိယကမ္ဘာ့နိုင်ငံများရှိ ပြည်သူလူထု၏ ကျန်းမာရေးအခြေအနေအဆင့်အတန်းမှာလည်း မြင့်မားလာခြင်း မရှိသေး။ အချို့သောအခြေအနေ အတော်များများ၌ တိုးတက်မြင့်မားလာခြင်းမရှိသည့်အပြင် ယခင်ကထက်ပင် ပိုမိုဆိုးရွားသွားသည်။ လတ်တလောအချိန်၌ နိုင်ငံနယ်နိမိတ်အတွင်းနှင့်၊ နိုင်ငံအချင်းချင်း အကြားတို့၌ သာတူညီမျှမှု အလျဉ်းမရှိသောကြောင့် မိမိတို့အားလုံး ကမ္ဘာလုံးဆိုင်ရာ ကမ္ဘာလုံးအဆင့် ကျန်းမာရေးအကြပ်အတည်းကြီး တခုကို ရင်ဆိုင်နေကြရပြီဖြစ်သည်။ ကျန်းမာရေးအရေးကိစ္စကို ခြိမ်းခြောက်နေသည့် အန္တရာယ်အသစ်များစွာလည်း အစဉ်မပြတ် ထွက်ပေါ်လာနေလေသည်။ ကျန်းမာရေးဆိုင်ရာရှုထောင့်မှနေ၍ အရင်းအမြစ်များအား အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများအတွက် သာတူညီစွာ၊ မျှတစွာ ဖြန့်ချီပေးခြင်းအလျဉ်းမရှိသည့် ဂလိုဘယ်လိုက်ဇေးရှင်း (ခေါ်) ကမ္ဘာအဝှမ်းလွှမ်းခြုံမှုမှ ပေါက်ဖွားလာသည့် ဆုတ်ယုတ်အင်အားများကြောင့် ဤကျန်းမာရေးနှင့်ပတ်သက်နေသည့် အန္တရာယ်သစ်များမှာ ပိုမိုဆိုးရွားလာနေခြင်းလည်းဖြစ်သည်။

ထို့အပြင် ကျန်းမာရေးလုပ်ငန်းအတွင်း မူလကတည်းက အယ်မာ–အက်တာ၌ရှိစဉ် လုပ်ဆောင်ရန် ရည်ရွယ်ချမှတ်ထားခဲ့ကြသည့် အခြေခံကျန်းမာရေးစောင့်ရှောက်ပေးရေးဟူသည့် အခြေခံမူများကိုလည်း အကောင်အထည်ဖော်နိုင်ခြင်း အလျဉ်းမရှိခဲ့သောကြောင့် မအောင်မြင်ကျရှုံးခဲ့ရပြီး ကမ္ဘာ့ကျန်းမာရေးဆိုင်ရာပြဿနာ ပိုမိုကြီးထွားလာရခြင်းပင်။

ဤကျရှုံးမှုကြီးအတွက် နိုင်ငံအစိုးရများရော နိုင်ငံတကာအဖွဲ့အစည်းများ၌ပါ လုံးဝတာဝန်ရှိပေသည်။

သို့ဖြစ်ရာ ယခုအခါ၌ အားလုံးအတွက် ကျန်းမာရေးစောင့်ရှောက်ပေးခြင်းဟူသည့် ပန်းတိုင်တခုအား မှန်ကန်သည့်နေရာတခုဖြစ်သော တိုးတက်ဖွံ့ဖြိုးရေးဟူသည့် ခေါင်းစဉ်ကြီးအောက်၌ ချမှတ်လုပ်ဆောင်ရန်အလို့ငှာ ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းချက်ကို တည်ဆောက်နိုင်ရေး အထူးပင်လိုအပ်နေပေပြီ။ အယ်မာ–အက်တာ၌ ချမှတ်ခဲ့ကြသည့် အခြေခံမူများ အမှန်လက်တွေ့ အကောင်အထည်ပေါ်လာရေးမှာ စစ်မှန်၍ လူထုလူတန်းစားအခြေပြုသည့် ဦးဆောင်လုပ်ကိုင်မှုများကို ဆုံးဖြတ်ချက်ချသူများ၊ အစိုးရများနှင့် ပုဂ္ဂလိကဌာနများအတွင်း ဖိအားပေးဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းသို့ ဖိအားပေးဆောင်ရွက်နိုင်ရန်လည်း ထပ်မံအားဖြည့်လုပ်ကိုင်ရပေမည်။

ထိုရည်ရွယ်ချက်ပန်းတိုင်သို့ အရောက်လှမ်းနိုင်ရေးမှာ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူထုအခြေပြုအစုအဖွဲ့များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့များမှ အတူတကွလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။ ဤဖော်ပြပါအဖွဲ့အစည်းများအပြင် အခြေခံကျန်းမာရေးကိစ္စအား လုပ်ကိုင်နေကြသည့် အခြားသူများနှင့် ပီးပဲ ပါစပက်တစ်ဗ် (ခေါ်) လူထုအမြင်တို့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဆာဗာရှိ ဂိုနိုရှစသာစသာယာ ကင်ဒရာ (ခေါ်) ဂျီကေပြည်သူ့ကျန်းမာရေးဌာနကြီး၌ “ပြည်သူလူထု ကျန်းမာရေးညီလာခံကြီး” ကို သက္ကရာဇ် ၂၀၀၀ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်မှ ၈ ရက်အထိ ကျင်းပပြုလုပ်ခဲ့ကြသည်။

ကမ္ဘာအဝှမ်း၌ ၁၈ လ (တဆယ့်ရှစ်လတာ) ကြာ ကြိုတင်ပြင်ဆင်ခဲ့မှုများနှင့် ကျင်းပပြုလုပ်ခဲ့သည့် အဆိုပါညီလာခံကြီးသို့ နိုင်ငံပေါင်း ၉၂ နိုင်ငံမှ တက်ရောက်သူစုစုပေါင်း ၁၄၅၃ (တထောင့်လေးရာ ငါးဆယ့်သုံးဦး) တက်ရောက်ခဲ့ကြသည်။ ထိုကြိုတင်ပြင်ဆင်ပြုလုပ်ခဲ့သည့် လုပ်ငန်းအဆင့်ဆင့်တို့ကြောင့် ရွာအဆင့်၊ ခရိုင်အဆင့်နှင့် နိုင်ငံတော်အဆင့်တွင် ကျင်းပပြုလုပ်ခဲ့သည့် ထောင်နှင့်ချီသည့် အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများ၌ ပါဝင်ဆွေးနွေးခဲ့ကြသော လူထုလူတန်းစားပေါင်းစုံမှ လူအများ၏ တက်တက်ကြွကြွအပြင် ပူးပေါင်းပါဝင်လိုစိတ်အပြည့်ဖြင့် တက်ရောက်ဆွေးနွေးခဲ့ကြသည်ကို မကြုံစဖူးအကြုံထူးစွာ တွေ့ခဲ့ရပေသည်။

ထိုညီလာခံကြီးအတွင်း မျက်နှာစုံညီ စည်းဝေးဆွေးနွေးပွဲများ၌ အဓိကအချက်ငါးချက်ဖြစ်သည့် – (၁) ကျန်းမာရေး၊ ဘဝရှင်သန်ခြင်းနှင့် သုခအဖြာဖြာ၊ (၂) တန်းတူညီမျှမှုကင်းမဲ့ခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ကျန်းမာရေး၊ (၃) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးလုပ်ငန်းများ၊ (၄) ပတ်ဝန်းကျင်နှင့် ရပ်တည်ရှင်သန်မှု၊ (၅) ရှေ့ဆက်လျှောက်လှမ်းမည့်ခရီးစဉ်စသည့် အချက်ငါးချက်ကို ဆွေးနွေးခဲ့ကြသည်။ ကမ္ဘာအဝှမ်းမှ တက်ရောက်လာသူများသည် ထွက်ဆိုချက်များ၊ ချို့တဲ့ဒုက္ခရောက်ရမှုများနှင့် လုပ်ငန်းကျရှုံးရမှုများစွာကို တင်ပြသွားကြသ

လို လူထုလူတန်းစား၏ဦးဆောင်မှု၊ အဖွဲ့အစည်းများ၏အောင်မြင်မှု ရယူနိုင်ခဲ့ခြင်းများကိုလည်း တင်ပြသွားကြလေသည်။ အစုလိုက်အစုလိုက် ဆွေးနွေးပွဲများကို ရာနှင့်ချီ၍ တပြိုင်နက်တည်းအချိန်၌ စီစဉ်ပေးထားသည်ဖြစ်ရာ တက်ရောက်လာသူများသည် အဓိကအကြောင်းအရာများအပေါ် ထိရောက်စွာ ဖလှယ်နိုင်ခြင်း၊ ဆွေးနွေးနိုင်ခြင်းကို ပြုလုပ်နိုင်ခဲ့သလို သူတို့၏အတွေ့အကြုံများနှင့် စိုးရိမ်မှုများကိုလည်း သေသေချာချာ ထုတ်ဖော်ပြောဆိုနိုင်ခဲ့ကြလေသည်။ ငါးရက်တာကြာ ဤညီလာခံကြီးက တက်ရောက်လာသူများအားလုံး သူတို့အတိုင်းအတာနှင့် သူတို့အခြေအနေအတွင်း သူတို့ဒေသအလိုက်စကားများဖြင့် ထုတ်ဖော်ပြောဆိုနိုင်အောင် လုပ်ဆောင်နိုင်ခဲ့သည်။ ၎င်းတို့မှ ၎င်းတို့၏အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ မအောင်မြင်ကျရှုံးခဲ့ရခြင်းများကို ထုတ်ဖော်တင်ပြခဲ့ကြသည့်အပြင် ကျန်းမာရေးနှင့် သာတူညီမျှတိုးတက်ဖွံ့ဖြိုးရေးဟူသည့် အရေးကိစ္စများသည် ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်ရှိ မူဝါဒချမှတ် လုပ်ကိုင်ဆောင်ရွက်နေသူများအကြား ထိပ်ဆုံးဦးစားပေးအရေးကိစ္စများအဖြစ် ထည့်သွင်းစဉ်းစားချမှတ်လာအောင် အတူတကွပါဝင်တိုက်ပွဲဝင်ရန်လည်း သန္နိဋ္ဌာန်ပြုဆုံးဖြတ်ခဲ့ကြသည်။

ရှိနေသည့်ပြဿနာများ၊ အခက်အခဲများကို ပြန်လည်သုံးသပ်ခြင်းနှင့် ရင်ဆိုင်ခဲ့ရသည့် အတွေ့အကြုံများကို ဖလှယ်အပြီး၌ တက်ရောက်လာသူများအားလုံးမှ ပြည်သူ့ကျန်းမာရေး ပဋိညာဉ်စာတမ်းကို ရေးသားဖော်ထုတ်ခဲ့ကြသည်သာမက နောက်ဆုံး၌ အဆိုပါ ပဋိညာဉ်စာတမ်းကို အတည်ပြုထောက်ခံခဲ့ကြသည်။ ယခုအချိန်မှစ၍ ဤပဋိညာဉ်စာတမ်းသည် အယ်မာ–အက်တာ၌ အကောင်အထည်ဖော်ရန် ချမှတ်ခဲ့ကြသည့် စိတ်ကူးအိပ်မက်အား လက်တွေ့ဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ရာတွင် ကမ္ဘာအဝှမ်း ကမ္ဘာသူကမ္ဘာသားများ၏ ကျန်းမာရေးအရေးကိစ္စ လှုပ်ရှားဆောင်ရွက်မှုမှန်သမျှအတွက် အများသုံးလက်နက်အဖြစ် အသုံးပြုသွားရန်ပင်ဖြစ်သည်။

သို့ဖြစ်၍ မိမိတို့၏အမြင်၊ စိုးရိမ်ပူပန်မှုများနှင့် ရည်ရွယ်ချက်တူသူ မည်သူမဆို ဤပဋိညာဉ်စာတမ်းကို ထောက်ခံအတည်ပြုပေးခြင်းဖြင့် မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်ရန် အားပေးဖိတ်ခေါ်လိုက်ပါသည်။

# ဥယျောဇဉ်

ကျန်းမာရေးအရေးကိစ္စသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့နှင့် ပတ်သက်နေသည့် အရေးကိစ္စတခုဖြစ်သည့်အပြင် အထူးသဖြင့် လူတိုင်းလူတိုင်းရှိသင့်သည့် အခြေခံလူ့အခွင့်အရေးဆိုင်ရာ အရေးကိစ္စလည်းဖြစ်သည်။ ဆင်းရဲနွမ်းပါးသူများနှင့် ဘေးသို့ပထုတ်ခံထားရသည့် ပြည်သူအများအတွင်း ဖြစ်ပွားနေသည့် ကျန်းမာရေးအထူးချို့တဲ့ရမှုနှင့် သေဆုံးရမှုများမှာ တန်းတူညီမျှမှုကင်းမဲ့ခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ ခေါင်းပုံဖြတ်အမြတ်ထုတ်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းနှင့် တရားမျှတမှုကင်းမဲ့ခြင်းတို့ကြောင့်ဖြစ်သည်။ အားလုံးအတွက် ကျန်းမာရေးဟူသည်ကို လုပ်ကိုင်ဆောင်ရွက်ပြီဆိုပါက ဩဇာအာဏာအထူးရှိနေသည့် အကျိုးစီးပွားများကို စိန်ခေါ်မေးခွန်းထုတ်ရန် လိုအပ်လာသည်၊ ကမ္ဘာအဝှမ်းလွှမ်းခြုံမှုဟူသည့် အင်အားရပ်ကြီးအား ဆန့်ကျင်တွန်းလှန်ရန် လိုအပ်လာသည်၊ ထို့အပြင် နိုင်ငံရေးအရ၊ စီးပွားရေးအရချမှတ်သည့် ဦးစားပေးဆောင်ရွက်မှုများကိုလည်း အရှိန်အဟုန်လျင်မြန်စွာ ပြောင်းလဲပစ်လိုက်ရန် လိုအပ်လာသည်။ ဤပဋိညာဉ်စာတမ်းကို ယခင့်ယခင်က ပြောရေးဆိုခွင့် အလျဉ်းနီးပါးမရှိခဲ့သည့် ပြည်သူလူထုအများ၏ ဆန္ဒအသံများနှင့် တည်ဆောက်ဖော်ထုတ် ရေးသားခဲ့ကြသည်။ ဤပဋိညာဉ်စာတမ်းမှနေ၍ လူထုအများအား မိမိတို့ကြုံတွေ့နေရသည့် ပြဿနာများ၏ ဖြေရှင်းကိုင်တွယ်မှုကို မိမိတို့ဖာသာ ကိုယ်တိုင်ကိုယ်ကျလုပ်ကိုင်လာအောင် တွန်းအားပေးတိုက်တွန်းထားပြီး ဒေသဆိုင်ရာအာဏာပိုင်များ၊ နိုင်ငံအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကော်ပိုရေးရှင်းများအား ၎င်းတို့တာဝန်ဝတ္တရားကို ၎င်းတို့သိအောင် တိုက်တွန်းထားသည်။

# ရည်မှန်းချက်

သာလွန်ကောင်းမွန်သည့် ကမ္ဘာတခုတည်ဆောက်ရေး၌ သာတူညီမျှမှု၊ ဂေဟဗေဒ (အပင်သတ္တဝါဆိုင်ရာ) အရ တာရှည်ခံသည့် တိုးတက်ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းရေးတို့သည် မိမိတို့၏ရည်ရွယ်ချက်ပန်းတိုင်၏ အဓိကဗဟိုအချက်အချာ၌ ရှိပေသည်။ ထိုသာလွန်ကောင်းမွန်သည့် ကမ္ဘာအတွင်း ကမ္ဘာသူကမ္ဘာသားအားလုံး ကျန်းမာသန်စွမ်းစွာ နေထိုင်ရှင်သန်နိုင်ရေးသည် လက်တွေ့သဘာဝကျပြီး ရှိရှိသမျှသောဘဝနှင့် ကွဲပြားစွာတည်ရှိနေမှုကို လေးစားသမှုပေးသည့်၊ တန်ဖိုးထားသည့်၊ ဂုဏ်ပြုအလေးထားသည့် ကမ္ဘာတခုဖြစ်ရပေမည်။ ထိုသာလွန်ကောင်းမွန်သည့် ကမ္ဘာတခုအတွင်း လူအများ၏ ကျွမ်းကျင်မှု၊ လုပ်နိုင်စွမ်းရည်ရှိမှုတို့အား အလေးထားအားပေးသည့် ကမ္ဘာဖြစ်ပြီး တဦးနှင့်တဦး အထောက်အကူဖြစ်စေသည့် ကမ္ဘာလည်းဖြစ်ရပေမည်။ ထိုကမ္ဘာအတွင်း မိမိတို့အားလုံး၏ ဘဝများအား ပုံဖော်ယူသည့် ဆုံးဖြတ်ချက်ချမှတ်သည့်အခါ ကမ္ဘာသူကမ္ဘာသားအားလုံး၏ အသံများ၊ ဆန္ဒများကသာလျှင် အဆိုပါဆုံးဖြတ်ချက်များကို လမ်းညွှန်ပေးသည့်ကမ္ဘာတခုလည်း ဖြစ်ရပေမည်။ ဤရည်မှန်းချက်ကို ဖြည့်ဆည်းရန်အတွက်ကား မိမိတို့၌ ပြည့်စုံလုံလောက်သည့် အရင်းအမြစ်များစွာလည်း ရှိနေပေသည်။

# ကျန်းမာရေးအကြပ်အတည်း

“မကျန်းမမာဖြစ်နေရခြင်းနှင့် အသက်ဆုံးရှုံးရမှုများသည် မိမိတို့အား နေ့စဉ်နှင့်အမျှ ဒေါသအမျက်ထွက်စေသည်။ ဤသို့ဖြစ်ရခြင်းမှာ မကျန်းမမာဖြစ်နေသည့်၊ အသက်ဆုံးရှုံးနေရသည့် လူအများကြောင့် မဟုတ်။ ဤမကျန်းမမာဖြစ်ရခြင်းများနှင့် အသက်ဆုံးရှုံးရမှုတို့မှာ မိမိတို့အားလုံးအပေါ် ပြဌာန်းတင်းကြပ်ထားသည့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာမူဝါဒများအတွင်း အခြေတည်နေသည်ကို သိနေသောကြောင့် မိမိတို့အမျက်ဒေါသ ထွက်နေကြရခြင်းပင်။”

(အမေရိကအလယ်ပိုင်းမှ အသံ)

များမကြာသေးခင်ရှိ ဆယ်စုနှစ်များအတွင်း လူအများ၏ကျန်းမာရေး၊ ကျန်းမာရေးဌာနများ၏ အကူအညီနှင့် အခြားလူမှုရေးဆိုင်ရာဌာနများ၏ အကူအညီရယူနိုင်ရေးတို့အပေါ် ကမ္ဘာ့အဝှမ်းဖြစ်ပေါ်နေသည့် ကမ္ဘာ့စီးပွားရေးအပြောင်းအလဲကြီးက အကြီးအကျယ်သက်ရောက်မှုကို ဖြစ်ပွားစေသည်။

ကမ္ဘာ့အဝှမ်း မကြုံစဖူးအကြုံထူးသည့် ချမ်းသာကြွယ်ဝမှုအဆင့်ကို တွေ့မြင်နေရသော်ငြား ဆင်းရဲနွမ်းပါးမှုနှင့် ဆာလောင်ငတ်မွတ်မှုပြဿနာမှာ ပိုမိုဆိုးရွားလာနေသည်။ နိုင်ငံတခုအတွင်းရှိနေသည့် တန်းတူညီမျှမှုကင်းမဲ့နေခြင်း၊ လူမှုလူတန်းစားများအကြား၊ အမျိုးသမီးနှင့် အမျိုးသားများအကြား၊ ငယ်ရွယ်သူများနှင့် သက်ကြီးရွယ်အိုများအကြား ရှိနေသည့်အနေအထားအတိုင်း ချမ်းသာကြွယ်ဝသည့် နိုင်ငံများနှင့် ဆင်းရဲနွမ်းပါးသည့် နိုင်ငံများအကြား၌လည်း ကွာခြားမှုကြီးက ပိုမိုကြီးထွားလာနေသည်။

ကမ္ဘာပေါ်ရှိ မြောက်မြားလှစွာသော လူဦးရေအများစုမှာ အစားအစာ၊ ပညာရေး၊ သောက်ရေသန့်၊ မိလ္လာသန့်၊ နေရာထိုင်ခင်း၊ မြေယာနှင့် မြေယာထွက်အရင်းအမြစ်များ၊ အလုပ်အကိုင်နှင့် ကျန်းမာရေးဌာနများ၏ အကူအညီများကို လက်ဝယ်ရယူနိုင်ခြင်း မရှိသေးပေ။ ခွဲခြားနှိပ်ချဆက်ဆံမှုများသည်လည်း ဆက်လက်ဖြစ်ပွားနေလေသည်။ ယင်းကြောင့်ပင် ရောဂါဆိုးနှင့် ကျန်းမာရေးအရ အထောက်အကူမရရှိခြင်းတို့ကို ဖြစ်ပွားစေသည်။

ကမ္ဘာမြေပေါ်ရှိ သဘာဝအရင်းအမြစ်များမှာ ကြောက်မက်ဖွယ်ကောင်းလှသည့် နှုန်းထားဖြင့် ကုန်ခန်းလျော့ကျနေသည်။ သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းလာမှုသည် လူတိုင်းလူတိုင်း၏၊ အထူးသဖြင့် ဆင်းရဲနွမ်းပါးသူများ၏ ကျန်းမာရေးကို အထူးတလည် ခြိမ်းခြောက်နေသည်။ လူအမြောက်အမြား သေကြေပျက်စီးစေသောလက်နက်များ၏ ခြိမ်းခြောက်အန္တရာယ်ပေးနေမှု ရှိသည့်တပြိုင်နက်တည်းမှာပင် ပဋိပက္ခသစ်များစွာမှာလည်း တဟုန်ထိုးတိုးတက် များပြားလာနေသည်။

ကမ္ဘာမြေ၏ အရင်းအမြစ်များစွာမှာ မိမိကိုယ်ပိုင်အကျိုးအမြတ် ပိုမိုရရှိရေးကိုသာကြည့်သည့် လက်တဆုတ်စာလူများ၏ လက်ထဲသို့သာ ပိုမိုကျရောက်နေလေသည်။ လစ်ဘရယ်လက်သစ်ဝါဒကို ကိုင်စွဲထားသည့် လက်တဆုတ်စာ အာဏာကြီးအစိုးရတချို့နှင့် နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ကမ္ဘာ့ဘဏ်၊ နိုင်ငံတကာဘဏ္ဍာရံပုံငွေအဖွဲ့နှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးတို့ကသာ နိုင်ငံရေးနှင့် စီးပွားရေးဆိုင်ရာ မူဝါဒများစွာကို သိမ်းကျုံးဆုံးဖြတ်ချမှတ်နေကြသည်။ နိုင်ငံတကာကော်ပိုရေးရှင်းကြီးများ၏ စည်းမဲ့ကမ်းမဲ့လုပ်ဆောင်ချက်များနှင့်အတူ အဆိုပါမူဝါဒများက ကမ္ဘာမြေ၏မြောက်ဘက်နှင့် တောင်ဘက်တို့တွင် မှီတင်းနေထိုင်သူ ကမ္ဘာသူကမ္ဘာသားအများ၏ ဘဝများ၊ အသက်မွေးဝမ်းကျောင်း၊ ကျန်းမာရေးနှင့် သုခချမ်းသာကို အပြင်းအထန်ထိပါးနေလေသည်။

ပြည်သူလူထုဆိုင်ရာ ထောက်ကူပေးသည့်ဌာနများသည်လည်း ပြည်သူအများလိုအပ်သည့် အရာများကို ဖြည့်ဆည်းပေးနိုင်ခြင်း မရှိ၊ အဘယ့်ကြောင့်ဆိုသော် အစိုးရ၏ လူမှုဘဝဆိုင်ရာသုံးငွေများ ဖြတ်တောက်ပစ်ခြင်းကြောင့်ပင်။ ယင်းတို့အနက် ကျန်းမာရေးဆိုင်ရာ အကူအညီများသို့ ပြည်သူအများ လက်ဝယ်ရယူနိုင်ခြင်း အလျဉ်းမရှိတော့သည်သာမက သာတူညီမျှစွာ ပြန်လည်ထုတ်ဝေပေးခြင်းလည်း မရှိ၊ မဆီမလျော်လုပ်သည်ကလည်း များ၏။

ကျန်းမာရေးလုပ်ငန်း အထောက်အကူများအား ပုဂ္ဂလိကပိုင်လုပ်ခြင်းကြောင့် လူတိုင်းလူတိုင်း ကျန်းမာရေးအကူ ရရှိရေးအတွက် ပိုမိုလျော့ပါးလာစေပြီး သာတူညီမျှစွာရရှိနိုင်ရေးဟူသည့် အဓိကမူကိုလည်း ထိပါးလာစေသည်။ ကြိုတင်ကာကွယ်နိုင်ဖွယ်ရှိသော်လည်း ဆက်လက်တည်ရှိနေသေးသည့် ကျန်းမာရေးဆိုးရွားမှု၊ တီဘီ၊ ငှက်ဖျားကဲ့သို့သော ရောဂါဝေဒနာများ ပြန်လည်ပေါ်ပေါက်လာမှု၊ အိတ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ကဲ့သို့သော ရောဂါသစ်များ အသစ်ပေါက်ဖွားလာသည်သာမက ပြန့်ပွားခြင်းဖြစ်ပေါ်နေမှုများသည် မိမိတို့ကမ္ဘာမြေပေါ် ၌ သာတူညီမျှမှုနှင့် တရားမျှတမှုကင်းမဲ့နေခြင်းတို့အတွက် အလေးအနက်လုပ်ကိုင်လိုစိတ် မရှိသည်ကို လက်ညှိုးညွှန်ပြနေလေသည်။

# လူထုကျန်းမာရေး ပဋိညာဉ်စာတမ်း၏ အဓိကမူများ

- အသားအရောင်မည်သို့ရှိစေ၊ လူမျိုးစုနောက်ခံမည်သူမည်ဝါပင်ဖြစ်စေ၊ ဘာသာတရား၊ လိင်နှင့် အသက်အရွယ်၊ လုပ်နိုင်စွမ်းရည်၊ လူတန်းစားနှင့် မည်သို့သောလိင်ကို ကိုယ်စားပြုသည်ဖြစ်စေ လူတိုင်းလူတိုင်း ကျန်းမာရေးနှင့် သုခချမ်းသာ အမြင့်မားဆုံးအဆင့်ထိ ရရှိနိုင်ရေးသည် အခြေခံလူ့အခွင့်အရေးတရပ်ဖြစ်သည်။
- ၁၉၇၈ ခုနှစ် အယ်မာ–အက်တာကြေငြာချက်အတွင်းပါရှိသော ကမ္ဘာ့အဝှမ်းလွှမ်းခြုံပြီး ပြည့်စုံကုံလုံသည့် အခြေခံကျန်းမာရေးအကူအညီရရှိရေးဟူသည့်မူသည် ကျန်းမာရေးနှင့်ပတ်သက်သမျှသော မူဝါဒများချမှတ်သည့်အခါ အခြေခံအချက်များအဖြစ် ထည့်သွင်းစဉ်းစားသင့်သည့်မူများ ဖြစ်သင့်သည်။ ယခုအချိန်တွင် ယခင်ကထက်ပို၍ ကျန်းမာရေးနှင့် ကျန်းမာရေးဆိုင်ရာ အထောက်အကူများအား ပိုမိုသာတူညီမျှမှုရှိသော၊ စုပေါင်းပါဝင်မှုရှိသော၊ ဌာနအသီးသီးနှင့်ဆက်စပ်မှုရှိသော ချဉ်းကပ်မှုနှင့် လုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်လာသည်။
- အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးအထောက်အကူ၊ ပညာရေးနှင့် အခြားသောလူမှုဖူလုံရေးလုပ်ငန်းများအား ပြည်သူလူထုက မည်၍မည်မျှပေးနိုင်သည်ဟူသော အချက်တွင်မူမတည်ပဲ ပြည်သူလူထုလိုအပ်ချက်များအပေါ်တွင်သာ မူတည်၍ လုပ်ကိုင်ဆောင်ရွက်ပေးရမည်မှာ အစိုးရများ၏ အခြေခံတာဝန်ဝတ္တရားတရပ်ဖြစ်သည်။
- ကျန်းမာရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ မူဝါဒများ၊ အစီအစဉ်များ ရေးဆွဲချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စိစစ်သုံးသပ်ခြင်းတို့၌ လူထုနှင့် လူထုအစုအဖွဲ့များ၏ ပါဝင်ပူးပေါင်းပတ်သက်မှုက အထူးအချက်အချာကျပေသည်။
- ကျန်းမာရေးအရေးကိစ္စသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ရုပ်ဝတ္ထုအခြေအနေတို့နှင့် အခြေခံအားဖြင့် လုံးဝဆက်စပ်ပတ်သက်နေပြီး သာတူညီမျှခြင်း၊ တာရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ခြင်းတို့နှင့်အတူ ဒေသခံအဆင့်၊ နိုင်ငံတော်အဆင့်နှင့် နိုင်ငံတကာအဆင့်ရှိ မူဝါဒချမှတ်လုပ်ဆောင်မှု၏ ထိပ်ဆုံးဦးစားပေးဖြစ်သင့်သည်။

## လှုပ်ရှားမှုအတွက် တောင်းဆိုချက်

ကမ္ဘာ့အဝှမ်းကြုံတွေ့နေရသည့် ကျန်းမာရေးအကြပ်အတည်းကြီးအား တိုက်ဖျက်နိုင်ရေးအလို့ငှာ တသီးပုဂ္ဂလအဆင့်၊ လူထုအသိုင်းအဝိုင်းအဆင့်၊ နိုင်ငံတော်အဆင့်၊ ဒေသန္တရအဆင့်၊ နိုင်ငံတကာအဆင့်စသည့် အဆင့်ပေါင်းစုံတို့အပြင် ဌာနအသီးသီးအတွင်း၌ပါ လှုပ်ရှားဆောင်ရွက်မှုပြုရန် လိုအပ်သည်။

## ကျန်းမာရေးသည် လူသား

သင့်မြတ်မှန်ကန်သည့် ကျန်းမာရေးသည် သာတူညီမျှမှုနှင့် တရားမျှတမှုတို့အပေါ် လူ့အသိုင်းအဝိုင်းတခုက မည်၍မည်မျှ အလေးအနက်ထား လုပ်ဆောင်မှုရှိမရှိကို ထင်ဟပ်ပြနေပေသည်။ ကျန်းမာရေးနှင့် လူ့အခွင့်အရေးဟူသည့် အချက်နှစ်ချက်သည် စီးပွားရေးနှင့် နိုင်ငံရေးအရေးကိစ္စများထက် သာလွန်လွှမ်းမိုးနိုင်မှုရှိသင့်သည်။

*ကမ္ဘာ့အဝှမ်းရှိ ကမ္ဘာ့သူကမ္ဘာ့သားအပေါင်းအား ဤပဋိညာဉ်စာတမ်းက အရေးဆိုလိုက်သည်မှာ –*

- ကျန်းမာရေးဆိုင်ရာအခွင့်အရေး အကောင်အထည်ဖော်ဆောင်ရွက်သည့် ကြိုးပမ်းချက်မှန်သမျှအား ထောက်ကူလုပ်ဆောင်ပေးရန်၊
- အစိုးရများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ မူဝါဒများအား ရေးဆွဲချမှတ်သည့်အခါ၊ အကောင်အထည်ဖော်သည့်အခါ၊ အာဏာသက်ရောက်အောင်ပြုလုပ်သည့်အခါ ကျန်းမာရေးဆိုင်ရာအခွင့်အရေးကို လေးစားသမှုရှိသည့် မူဝါဒများ၊ ကျင့်သုံးမှုများပြုလုပ်ရေး တောင်းဆိုပေးရန်၊
- ကျန်းမာရေးနှင့် လူ့အခွင့်အရေးတို့အား နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအတွင်း၊ စည်းမျဉ်းဥပဒေများအတွင်း အစိုးရများက ထည့်သွင်းရေးဆွဲအောင် ဖိအားပေးဆောင်ရွက်ရန်အတွက် ကျယ်ပြန့်သည့်လူထုကိုယ်စားပြု လှုပ်ရှားမှုအစုအဖွဲ့များ တည်ဆောက်ပေးသွားရန်၊
- အကျိုးအမြတ်ရရှိရေးတခုတည်းကြည့်၍ ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက်များကို မလုပ်ပေးပဲ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းအား ချေမှုန်းပစ်ရန်တို့ပင်ဖြစ်သည်။

# ကျန်းမာရေးနှင့်ပတ်သက်၍ ကျယ်ပြန့်ပြီး အဆုံးအဖြတ်ပေးသည့်အရာများအား ကိုင်တွယ်ဖြေရှင်းခြင်း

## စီးပွားရေးဆိုင်ရာ စိန်ခေါ်နေမှုများ

ပြည်သူလူထုကျန်းမာရေးအတွက် စီးပွားရေးသည် အထူးအရှိန်အဝါသက်ရောက်မှု ရှိနေသည်။ သာတူညီမျှမှု၊ ကျန်းမာရေးနှင့် လူမှုသုခအဖြာဖြာတို့အား ဦးစားပေးစဉ်းစားချမှတ်သည့် စီးပွားရေးဆိုင်ရာမူဝါဒများသည် ပြည်သူလူထု၏ကျန်းမာရေးကို တိုးတက်မြင့်မားနိုင်စေသလို စီးပွားရေးကိုလည်း တိုးတက်မြင့်မားစေသည်။

နိုင်ငံတော်အစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှချမှတ်သော အရင်းရှင်စီးပွားရေးသမားများ၏ လိုအပ်ချက်များကိုသာ တုံ့ပြန်မှုရှိသည့် နိုင်ငံရေး၊ ဘဏ္ဍာရေး၊ စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းဆိုင်ရာ မူဝါဒများမှာ ပြည်သူလူထုအား သူတို့၏ဘဝနှင့် သူတို့ဘဝအသက်မွေးဝမ်းကျောင်းမှုတို့မှနေ၍ ကင်းကွာမှုများ ဖြစ်ပွားစေသည်။ စီးပွားရေးအရ ကမ္ဘာ့အဝှမ်းလွှမ်းခြုံမှုပြုခြင်းနှင့် လစ်ဘရယ်လိုက်ဇေးရှင်း ခေါ် ပြောင်းလဲပြင်ဆင်မှုများမှာ နိုင်ငံများအကြားနှင့် နိုင်ငံများအတွင်း တန်းတူညီမျှခြင်း ကင်းမဲ့မှုများ ပိုမိုဖြစ်ပွားစေသည်။ ကမ္ဘာ့ရှိ နိုင်ငံအတော်များများသည် အထူးသဖြင့် အာဏာကြီးမားသောနိုင်ငံများသည် စီးပွားရေးပိတ်ဆို့မှုများ၊ စစ်ရေးစွက်ဖက်မှုများ အပါအဝင် ၎င်းတို့၏ အရင်းအမြစ်များကိုအသုံးပြုကာ ၎င်းတို့၏အနေအထားခိုင်မာလာအောင် ချဲ့ထွင်ခြင်းတို့ကိုပြုလုပ်နေခြင်းဖြင့် လူအများ၏ဘဝများအား စိစိညက်ညက်ချေမွ ဖျက်ဆီးပစ်နေကြသည်။

*ကမ္ဘာ့အဝှမ်းရှိ ကမ္ဘာသူကမ္ဘာသားအပေါင်းအား ဤပဋိညာဉ်စာတမ်းက အရေးဆိုလိုက်သည်မှာ –*

- ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့နှင့် ကမ္ဘာအဝှမ်းကုန်သွယ်ရေးစနစ်အား ပြုပြင်ပြောင်းလဲရေး တောင်းဆိုသွားရန်၊ သို့မှသာ ယင်းအဖွဲ့များမှ လူအများ၏ လူမှုဘဝ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ၊ စီးပွားရေး၊ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုများကို ရပ်တန့်သွားမည်ဖြစ်ပြီး ကမ္ဘာ၏တောင်ဘက်ပိုင်းရှိ နိုင်ငံများ၏ အကျိုးအတွက် စတင်လုပ်ကိုင်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။ ပြည်သူလူထုကျန်းမာရေးအား အကာအကွယ်ပေးနိုင်ရေးမှာ အဆိုပါပြုပြင်ပြောင်းလဲမှုအတွင်း ပညာရပ်ပိုင်းဆိုင်ရာ ပိုင်ဆိုင်မှုစနစ်များဖြစ်သည့် မူပိုင်ခွင့်၊ Trade Related Aspects of Intellectual Property Rights (TRIPS) တီအာရ်အိုင်ပီ အက်စ်ခေါ် ကုန်သွယ်မှုဆိုင်ရာ ပိုင်ဆိုင်မှုအခွင့်အရေး သဘောတူညီချက်များကိုပါ ထည့်သွင်းပြောင်းလဲပစ်ရန် လိုအပ်သည်။
- ကမ္ဘာ့တတိယနိုင်ငံများမှ ပေးဆပ်ရမည့်အကြွေးမှန်သမျှအား တရားဝင်ပယ်ဖျက်ရေးအတွက် တောင်းဆိုရန်၊
- ကမ္ဘာ့ဘဏ်နှင့် ကမ္ဘာ့ငွေကြေးရံပုံငွေအဖွဲ့တို့အား အစွမ်းကုန်ပြုပြင်ပြောင်းလဲမှုတရပ် လုပ်ဆောင်ရေး တောင်းဆိုရန်၊ သို့မှသာ ဤသို့သော နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် တိုးတက်ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ရှေးရှုလုပ်ဆောင်ခြင်းကို ထင်ဟပ်စေမည်ဖြစ်သည်။
- ပြည်သူလူထုအများ၏ ကျန်းမာရေး၊ လုပ်ငန်းခွင်ခေါင်းပုံဖြတ်အမြတ်ထုတ်မှု၊ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှု (ဝါ) နိုင်ငံတော်အချုပ်အခြာအာဏာစသည်တို့အား ဆိုးရွားသောသက်ရောက်မှုမျိုး မဖြစ်စေရန်အတွက် နိုင်ငံတကာကော်ပိုရေးရှင်းကြီးများအတွက် ထိရောက်သည့်စည်းမျဉ်းစည်းကမ်းများ ချမှတ်လုပ်ဆောင်သွားရေးအား တောင်းဆိုရန်၊
- အစိုးရများအနေနှင့်လည်း ဈေးကွက်လိုအပ်မှု ဝယ်လိုအားတခုထဲမကြည့်ပဲ လူထုလိုအပ်ချက်နှင့်သာ ကိုက်ညီသည့် စိုက်ပျိုးရေးဆိုင်ရာမူဝါဒများ ချမှတ်လုပ်ကိုင်ခြင်းဖြင့် အစားအစာလုံခြုံမှုရှိခြင်းနှင့် အစားအစာရရှိရေးအတွက် တန်းတူညီအခွင့်အလမ်းရှိရေးတို့ကို အာမခံပေးနိုင်မှုကို သေချာအောင်လုပ်ရန်၊
- ပညာရပ်ပိုင်းပိုင်ဆိုင်မှုအခွင့်အရေးဆိုင်ရာ ဥပဒေများ (Intellectual property laws) ကို နိုင်ငံတော်အစိုးရများ ရေးဆွဲချမှတ်သည့်အခါတွင် ပြည်သူလူထု၏ ကျန်းမာရေးဆိုင်ရာအခွင့်အရေးအား အကာအကွယ်ပေး ရေးဆွဲရေးအတွက် တောင်းဆိုရန်၊
- ဈေးကစားသည့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုမှသွားလာနေသော ငွေပင်ငွေရင်းစီးဆင်းမှုအပေါ် ထိန်းချုပ်နိုင်ရေးနှင့် အခွန်ငွေချမှတ်ရေး တောင်းဆိုရန်၊
- စီးပွားရေးဆိုင်ရာ မူဝါဒများအားလုံးကို ကျန်းမာရေး၊ သာတူညီမျှရှိရေး၊ လိင်ပိုင်းဆိုင်ရာ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှု၏ သုံးသပ်ချက်များနှင့်အညီ ရေးဆွဲချမှတ်ရေးနှင့် လိုက်နာဆောင်ရွက်ရေးတို့အတွက် စည်းမျဉ်းစည်းကမ်းများ သေသေချာချာချမှတ်ရေး မရမနေတောင်းဆိုရန်၊
- တိုးတက်ရေးကိုသာ အလေးထားသည့် စီးပွားရေးဆိုင်ရာအတွေးအခေါ်သီအိုရီများကို စိန်ခေါ်မေးခွန်းထုတ်ရန်နှင့် အကြင်နာတရားရှိသော၊ တာရှည်တည်တံ့နိုင်သော လူမှုအသိုင်းအဝိုင်းများ တည်ဆောက်နိုင်ရေးအတွက် အခြားနည်းလမ်းများနှင့်

အစားထိုးဆောင်ရွက်သွားရေး တောင်းဆိုသွားရန်ပင်ဖြစ်သည်။ စီးပွားရေးအတွေးအခေါ်သီအိုရီများမှာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကန့်အသတ်များ၊ သာတူညီမျှမှုရှိရေးနှင့် ကျန်းမာရေးတို့၏ မူခံအရေးပါအရာရောက်မှု၊ ငွေကြေးမရသော လုပ်အားများအား တန်ဖိုးထားရန်၊ အထူးသဖြင့် အသိအမှတ်ပြုခြင်းမခံရသည့် အမျိုးသမီးများလုပ်ကိုင်နေရသော အလုပ်အကိုင်များကို တန်ဖိုးထားသင့်ပေသည်။

# လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ စိန်ခေါ်နေမှုများ

ပြည့်စုံကုံလုံသော လူမှုဘဝဆိုင်ရာမူဝါဒများသည် ပြည်သူလူထုအများ၏ ဘဝနှင့် အသက်မွေးဝမ်းကျောင်းနိုင်မှုတို့အပေါ် အပြုသဘောဆောင်သည့် သက်ရောက်မှုများရှိလေသည်။ စီးပွားရေးအရ ကမ္ဘာအဝှမ်းလွှမ်းခြုံမှုပြုသည့် အရာများ၊ ပုဂ္ဂလိကပိုင်ပြုလုပ်မှုများသည် လူမှုအသိုင်းအဝိုင်းများ၊ မိသားစုများနှင့် ယဉ်ကျေးမှုတို့အပေါ် အကြီးအကျယ်ထိခိုက် ပျက်ပြားစေသည်။ လူမှုအသိုင်းအဝိုင်းတိုင်း၌ အမျိုးသမီးများသည် လူမှုအဆောက်အအုံတည်တံ့ရေး၌ အဓိကအချက်အချာကျသူများဖြစ်သော်ငြားလည်း ၎င်းတို့၏ အခြေခံလိုအပ်ချက်များကို မကြာခဏဆိုသလို လျစ်လျူရှုခြင်း (ဝါ) ပယ်ချခြင်းခံကြရသလို ၎င်းတို့၏အခွင့်အရေးများနှင့် ၎င်းတို့ကိုယ်တိုင်ကိုလည်း ချိုးဖောက်ခြင်းမှုပြုခြင်းများကို ခံကြရလေသည်။

အများပြည်သူဆိုင် ဌာနအဖွဲ့အစည်းများမှာ တဖြည်းဖြည်းနှင့် အောက်ခြေလိုက်စားယိုယွင်းလာကာ အားနည်းဆုတ်ယုတ်လာနေသည်။ အများပြည်သူဆိုင်ရာဌာနများ၏ တာဝန်ဝတ္တရားများကို ပုဂ္ဂလိကပိုင်ဌာနများ၊ အထူးသဖြင့် ပြည်သူလူထုများအတွက် တာဝန်ယူမှုရှားပါးသည့် ကော်ပိုရေးရှင်းများ (ဝါ) အခြားသော နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့် ဌာနအဖွဲ့အစည်းများသို့ လွှဲပြောင်းလိုက်ကြလေသည်။ ထို့အပြင် နိုင်ငံရေးပါတီများနှင့် အလုပ်သမားသမဂ္ဂများ၏ လုပ်နိုင်စွမ်းမှာလည်း အကြီးအကျယ်ချုံ့ခံလိုက်ရသည့်အချိန်တွင် လွတ်လပ်စွာကုန်သွယ်ခွင့်နှင့် ပုဂ္ဂလိကပိုင်ဆိုင်မှုကိုသာ အားပေးအားမြှောက်ပြုသည့် ရှေးရိုးစွဲသမားများနှင့် တယူသန်အစွဲရှိသူများက တဖြည်းဖြည်း ခေါင်းထောင်လာနေကြသည်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများအတွင်းနှင့် လူမှုဝန်ထမ်းဌာနတည်ဆောက်မှုများအတွင်း ပူးပေါင်းပါဝင်မှုရှိသည့် ဒီမိုကရေစီစနစ် ထွန်းကားသင့်ပေသည်။ တချိန်တည်း၌လည်း ပရိယာယ်ကင်းပွင့်လင်းမှုနှင့် တာဝန်ခံမှုတို့ရှိရန် အထူးအလျင်အမြန် လိုအပ်နေပေသည်။

*ကမ္ဘာအဝှမ်းရှိ ကမ္ဘာသူကမ္ဘာသားအပေါင်းအား ဤပဋိညာဉ်စာတမ်းက အရေးဆိုလိုက်သည်မှာ –*

- ပြည်သူအပေါင်း၏ ပူးပေါင်းပါဝင်မှုအပြည့်ရှိသော ပြည့်စုံကုံလုံသည့် လူမှုရေးမူဝါဒများကို ပြုပြင်တည်ဆောက်ရေးနှင့် အကောင်အထည်ဖော်ရေးတို့အား ထောက်ခံမှုပြုသွားရန်နှင့် တောင်းဆိုမှုများပြုသွားရန်၊
- အမျိုးသမီးများ၊ အမျိုးသားများအားလုံးအတွက် အလုပ်လုပ်ပိုင်ခွင့် တန်းတူညီရရှိရေး၊ အသက်မွေးဝမ်းကျောင်းပိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုပိုင်ခွင့်၊ နိုင်ငံရေးအရ ပါဝင်ပတ်သက်ပိုင်ခွင့်၊ ၎င်းတို့နှစ်သက်ရာ ဘာသာတရားအား ရွေးချယ်ကိုးကွယ်ပိုင်ခွင့်၊ ပညာရေးရယူပိုင်ခွင့်နှင့် အကြမ်းဖက်ခံရခြင်းမှ လွတ်မြောက်ခွင့်ဟူသည်များကို အာမခံပေးရန်၊
- လူ့အသိုင်းအဝိုင်းအတွင်း ဘေးထုတ်ခံထားရသော အုပ်စုများ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ယုံကြည်သက်ဝင်မှုဆိုင်ရာ ကျန်းမာရေးနှင့် လူ့အခွင့်အရေးအား အကာအကွယ်ပေးရေးနှင့် တိုးမြှင့်လုပ်ကိုင် ဆောင်ရွက်မှုကို စည်းမျဉ်းဥပဒေများချမှတ်၍ ပြဋ္ဌာန်းလုပ်ကိုင်ရေးအတွက် အစိုးရများအား ဖိအားပေးတိုက်တွန်းသွားရန်၊
- နိုင်ငံရေးအရေးကိစ္စမှန်သမျှတို့၌ ပညာရေးနှင့် ကျန်းမာရေးအရေးကိစ္စများအား ရှေ့တန်းတင်ဆောင်ရွက်ရေး တောင်းဆိုသွားရန်၊ ဤတောင်းဆိုချက်မှာ ကလေးငယ်များအတွက်နှင့် အသက်အရွယ်ရောက်ပြီးသူများ အားလုံးအတွက် အထူးသဖြင့် မိန်းကလေးငယ်များနှင့် အမျိုးသမီးများအတွက် အခမဲ့ဖြစ်သည့်အပြင် မဖြစ်မနေရရှိရမည့် အရည်အသွေးရှိပညာရေးကို တောင်းဆိုလိုက်ခြင်းဖြစ်ပြီး ငယ်ငယ်ရွယ်ရွယ် ကလေးငယ်များအတွက် အကြိုပညာရေးနှင့် ပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို တောင်းဆိုလိုက်ခြင်းလည်းဖြစ်သည်။
- ကလေးထိန်းလုပ်ငန်းဌာနများ၊ အစားအစာဖြန့်ဖြူးရေးစနစ်များ၊ အိုးအိမ်ထောက်ကူပေးခြင်းများစသည့် ပြည်သူ့လုပ်ငန်းဌာနများ၏ လုပ်ရှားဆောင်ရွက်မှုမှန်သမျှသည် တဦးတယောက်ချင်းစီအတွက်ရော လူမှုအသိုင်းအဝိုင်းများအတွက်ပါ အကျိုးဖြစ်ထွန်းအောင်လုပ်ကိုင်ရေး တောင်းဆိုသွားရန်၊
- ပြည်သူလူထုအများအား သူတို့၏ပိုင်ဆိုင်သောမြေယာများ၊ အိုးအိမ်များ (ဝါ) အလုပ်အကိုင်များမှ အတင်းအဓမ္မဖယ်ရှားမှုခံရခြင်းကို ရှုံ့ချပေးရန်နှင့် ဤသို့ဖယ်ရှားမှုများ မဖြစ်ပေါ်ရေးအတွက် မူဝါဒများအား ပြန်လည်ပြင်ဆင်ရေး အားထုတ်ရှာဖွေပေးရန်၊
- တဦးတယောက်ချင်းစီ၏ အထူးသဖြင့် အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် လူနည်းစုလူထုများ၏ ဘဝ၊ အခွင့်အရေးနှင့် လွတ်လပ်ပိုင်ခွင့်တို့အား ခြိမ်းခြောက်နေသည့် တယူသန်စွဲရှိသည့်အင်အားစုများအား ဆန့်ကျင်ပေးသွားရန်၊

- လိင်မှုဆိုင်ရာခရီးသွားလုညှ့်လည်ခြင်းကို ဆန့်ကျင်ပေးသွားရန်နှင့် အမျိုးသမီးများနှင့် ကလေးသူငယ်များကို လူကုန်ကူးသန်းရောင်းဝယ်ခြင်းအားလည်း ဆန့်ကျင်ပေးသွားရန်တို့ပင်ဖြစ်သည်။

## သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်နေမှုများ

ရေညစ်ညမ်းမှု၊ လေထုညစ်ညမ်းမှု၊ ရာသီဥတုများ ရုတ်ခြည်းပြောင်းလဲမှု၊ အိုဇုန်းအလွှာပျောက်ကွယ်နေမှု၊ နျူကလီးယားစွမ်းအင်နှင့် ယင်းမှထွက်လာသည့်အညစ်အကြေး၊ အဆိပ်သင့်စေသော ဓာတုဗေဒများ၊ ပိုးသပ်ဆေးများ၊ ဇီဝပိုးမွှားများဆုံးရှုံးရမှု၊ သစ်တောများပြုန်းတီးရမှု၊ မြေတိုက်စားမှု စသည်စသည်တို့သည် ကမ္ဘာသူကမ္ဘာသားများ၏ ကျန်းမာရေးအား နက်ရှိုင်းစွာပင် သက်ရောက်နေပေသည်။ ဤပျက်စီးယိုယွင်းရမှုများ၏ အခြေခံပြဿနာအရင်းအမြစ်များအနက် သဘာဝအရင်းအမြစ်များအား တာရှည်တည်တံ့ရေးအတွက် မစဉ်းစားပဲ လတ်တလောအကျိုးကိုသာကြည့်၍ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ ရေရှည်အရအားလုံးလွှမ်းခြုံသည့် ရည်မှန်းချက်များ ရှိမနေခြင်း၊ တကိုယ်ကောင်းဆန်၍ အကျိုးအမြတ်တိုးပွားရရှိရေးကိုသာကြည့်သည့် အပြုအမူများပြန့်ပွားနေခြင်းနှင့် ချမ်းသာကြွယ်ဝသူများက လိုအပ်သည်ထက်ပို၍ စားသုံးအသုံးပြုနေခြင်းတို့လည်း ပါဝင်ပေသည်။ ဤပျက်စီးယိုယွင်းရမှုများအား ချက်ခြင်းလက်ငင်းနှင့် ထိရောက်စွာ ရင်ဆိုင်ဖြေရှင်းရန်၊ ပြန်လည်ပြုပြင်ပစ်ရန် အထူးလိုအပ်နေသည်။

*ကမ္ဘာအဝှမ်းရှိ ကမ္ဘာသူကမ္ဘာသားအပေါင်းအား ဤပဋိညာဉ်စာတမ်းက အရေးဆိုလိုက်သည်မှာ –*

- နိုင်ငံတကာကော်ပိုရေးရှင်းများ၊ နိုင်ငံများမှကော်ပိုရေးရှင်းများ၊ ပြည်သူလူထုဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် စစ်တပ်မှနေ၍ သဘာဝပတ်ဝန်းကျင်နှင့် ပြည်သူလူထုအပေါင်း၏ ကျန်းမာရေးအား ထိခိုက်နိုင်သော ၎င်းတို့၏ ဖျက်လိုဖျက်စီးဖြစ်နိုင်သည့်၊ အန္တရာယ်ကြီးမားသည့် လုပ်ကိုင်ဆောင်ရွက်မှုများအား တာဝန်ခံတာဝန်ယူမှုရှိအောင် ဆောင်ရွက်ရန်၊
- တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ ပရိုဂျက်လုပ်ငန်းမှန်သမျှအား လုပ်ကိုင်ဆောင်ရွက်ရာ၌ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခြေအနေများ ထည့်သွင်းသုံးသပ်လုပ်ကိုင်မှုပြုရေး တောင်းဆိုရန်နှင့် တချိန်တည်းတွင် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အား ထိခိုက်နိုင်သည့် နည်းပညာ (ဝါ) ပေါ်လစီမူဝါဒများကို ချမှတ်သည့်အခါတိုင်းတွင် (ကြိုတင်သတိထားဆောင်ရွက်ရေးမူ) တရပ်ဖြင့် သတိကြီးစွာဖြင့် ထိန်းထိန်းသိမ်းသိမ်း လုပ်ကိုင်ဆောင်ရွက်သွားရေး တောင်းဆိုရန်၊
- ဂရင်းန်ဟောက်စ် ဂက်စက်စ်ဟုခေါ်သည့် ကမ္ဘာ့အပူချိန်တိုးမြင့်စေသော ကာဘွန်ဒိုင်အောက်ဆိုက်ဒ်ကဲ့သို့သော ဓာတ်ငွေ့များကို လျှော့နည်းအောင်လုပ်ကိုင်ရာ၌ အစိုးရများမှ ၎င်းတို့နယ်မြေပိုင်နက်အတွင်းတွင် အန္တရာယ်ကြီးမားသည့်၊ သင့်လျော်မှုမရှိသည့် နည်းပညာများနှင့် ကိုင်တွယ်ဆောင်ရွက်မည့်အစား ကမ္ဘာ့ရာသီဥတုဆိုင်ရာ သဘောတူညီထားချက်ထက် ပို၍တင်းကြပ်သော စည်းမျဉ်းစည်းကမ်းများ ချမှတ်လုပ်ဆောင်ရေးကို တောင်းဆိုသွားရန်၊
- ဆင်းရဲနွမ်းပါးသည့်နိုင်ငံများ၊ ဘေးပထုတ်ခံထားရသည့် လူထုအဝိုင်းအဝန်းများဆီသို့ စက်မှုလုပ်ငန်းများမှထွက်သည့် အဆိပ်သင့်စေသည့်၊ ရေဒီယိုသတ္တိကြွသည့် အညစ်အကြေးများအား သွားရောက်မြှုပ်နှံမှုမပြုရေးနှင့် အဆိပ်ပါအညစ်အကြေးများ အများအပြားဖြစ်မလာအောင် လျှော့ချဖို့အတွက် ကိုင်တွယ်လုပ်ဆောင်ရေး တောင်းဆိုသွားရန်၊
- ကမ္ဘာ၏မြောက်ဘက်နှင့် တောင်ဘက်နှစ်ဘက်စလုံး၌ လိုအပ်သည်ထက် ပိုမိုဝယ်ယူသုံးဆောင်မှုနှင့် တာရှည်မခံသည့် နေပုံထိုင်ပုံများအား လျှော့ချသွားရန်၊ ထို့အပြင် ချမ်းသာကြွယ်ဝသည့် စက်မှုထွန်းကားသော နိုင်ငံကြီးများအား လိုအပ်သည်ထက်ပို၍ ဝယ်ယူသုံးဆောင်မှုကို လျှော့ချအောင် ဖိအားပေးလုပ်ဆောင်ရန်အပြင် ထိုနိုင်ငံကြီးများကို လေထုညစ်ညမ်းမှုအား ၉၀ ရာခိုင်နှုန်းအထိ လျှော့ချအောင် ဖိအားပေးသွားရန်၊
- အလုပ်သမားများကို ပိုမိုအလေးထားမှုရှိသော လုပ်ငန်းပြီးစီးမှုအခြေအနေ စောင့်ကြည့်မှုအပါအဝင် လုပ်ငန်းခွင်ကျန်းမာရေးနှင့် လုံခြုံရေးရှိအောင် နည်းလမ်းများ သေသေချာချာချမှတ်ဆောင်ရွက်လာရေး တောင်းဆိုသွားရန်၊
- လုပ်ငန်းခွင်အတွင်း၊ လူထုအဝိုင်းအဝန်းများအတွင်း၊ အိုးအိမ်များအတွင်း မတော်တဆထိခိုက်ခြင်း၊ အနာတရဖြစ်ရခြင်းများအား ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများရှာဖွေလုပ်ကိုင်ရေး တောင်းဆိုသွားရန်၊
- သက်ရှိဘဝများအပေါ် မူပိုင်ခွင့် (patents) ကို ပယ်ချရန်နှင့် ရိုးရာဓလေ့အပြင် ဌာနေတိုင်းရင်းသားဆိုင်ရာ ဗဟုသုတနှင့် အရင်းအမြစ်များကို ဇီဝဗေဒမူပိုင်ခွင့်ပြုလုပ်သွားခြင်း (bio-piracy) အား ဆန့်ကျင်သွားရန်၊
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုဘဝဆိုင်ရာ တိုးတက်မှုအား တိုင်းတာညွှန်ပြမှုများအား ပြည်သူလူထုကို အချက်အချာထားသည့်၊ လူထုအသိုင်းအဝိုင်းကို အခြေခံသည့် ညွှန်းပြတိုင်းတာချက်များ တည်ထွင်ပြုလုပ်သွားရန်နှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးခြင်းနှင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်းတို့အား တိုင်းတာမှုပြုသည့် ပုံမှန်အရည်အသွေးစစ်ဆေးမှုများအား တီထွင်ပြုလုပ်သွားသည်သာမက လက်ခံအတည်ပြု ဆောင်ရွက်သွားရန်တို့ပင်ဖြစ်သည်။

## စစ်ပွဲ၊ အကြမ်းဖက်ခြင်း၊ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များ

စစ်ပွဲ၊ အကြမ်းဖက်ခြင်း၊ ပဋိပက္ခနှင့် သဘာဝဘေးအန္တရာယ်များသည် လူထုအသိုင်းအဝိုင်းများအား ဖွတ်ဖွတ်ညက်ညက်ကြေစေသလို လူ့သိက္ခာကိုလည်း ဖျက်ဆီးချေမှုန်းနိုင်ပေသည်။ လူထုအသိုင်းအဝိုင်းများအတွက် အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အဆိုပါအန္တရာယ်များက စိတ်ပိုင်းဆိုင်ရာရော ရုပ်ပိုင်းဆိုင်ရာပါ အထူးပြင်းထန်သည့်သက်ရောက်မှုများကို ဖြစ်စေသည်။ လူမှုရေး၊ နိုင်ငံရေး၊ စီးပွားရေးတည်ငြိမ်မှုနှင့် လူမှုရေးဆိုင်ရာကဏ္ဍသို့ အရင်းအမြစ်များ လျာထားချမှတ်ပေးနိုင်ရေးကို လက်နက်ဝယ်ယူမှုနှင့် ကြမ်းကြုတ်၍ ခြစားမှုများနှင့်ပြည့်နှက်နေသော နိုင်ငံတကာလက်နက်ရောင်းဝယ်ဖောက်ကားမှုများက အထူးထိခိုက်လှိုက်စားစေသည်။

*ကမ္ဘာအဝှမ်းရှိ ကမ္ဘာသူကမ္ဘာသားအပေါင်းအား ဤပဋိညာဉ်စာတမ်းက အရေးဆိုလိုက်သည်မှာ –*

- ငြိမ်းချမ်းရေးနှင့် လက်နက်ဖျက်သိမ်းရေး စည်းရုံးလှုံ့ဆော်မှုများ၊ လှုပ်ရှားဆောင်ရွက်မှုများအား အထောက်အကူပြုသွားရန်၊
- ကျူးကျော်မှုပြုခြင်း၊ လက်နက်မျိုးစုံနှင့် မြေမြှုပ်ဗုံးအမျိုးမျိုးအပါအဝင် အစုလိုက်အပြုံလိုက် ဖျက်ဆီးချေမှုန်းနိုင်သည့် လက်နက်ခဲယမ်းများ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနပြုခြင်း၊ ထုတ်လုပ်ခြင်း၊ စမ်းသပ်ခြင်းများကို ကန့်ကွက်ဆန့်ကျင်သွားကြရန်၊
- နိုင်ငံများအတွင်း အထူးသဖြင့် ပြည်တွင်းစစ်နှင့် အစုလိုက်အပြုံလိုက် မျိုးပြုန်းသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့သည့် နိုင်ငံများအတွင်း တရားမျှတ၍ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးရရှိနိုင်ရန်အတွက် လူထုလူတန်းစားဦးဆောင်လုပ်ကိုင်မှုများကို အထောက်အကူပြုပေးသွားရန်၊
- ကလေးစစ်သားများအသုံးပြုခြင်း၊ ထိပါးစော်ကားခြင်း၊ မုဒိမ်းပြုကျင့်ခြင်း၊ နှိပ်စက်ညှဉ်းပမ်းခြင်း၊ အမျိုးသမီးနှင့် ကလေးသူငယ်များအား သတ်ဖြတ်ခြင်းများကို ဆန့်ကျင်ရှုံ့ချပေးရန်၊
- လူသားဂုဏ်သိက္ခာအား အထူးထိပါးစေသည့် ခြစားလာဘ်စားခြင်း လုံးဝဥဿုံပျောက်ကွယ်သွားရေး တောင်းဆိုပေးသွားရန်၊
- လူသားချင်းစာနာသည့် ကြားဝင်အထောက်အကူပြုခြင်းများအတွင်း စစ်သွေးကြွစစ်သွေးဆန်မှုအား ကန့်ကွက်ဆန့်ကျင်ပေးသွားရန်၊
- ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီအား ဒီမိုကရေစီနည်းကျကျ ဆောင်ရွက်မှုများပြုလာအောင် အပြင်းအထန်ပြုပြင်ပြောင်းလဲမှုတရပ်ပြုရေး တောင်းဆိုပေးသွားရန်၊
- သာမန်ပြည်သူလူထု၏ ကျန်းမာရေးကို အထူးထိပါးစေသည့် ရန်လိုရန်မူရှိပြီး လက်နက်သဖွယ်အသုံးပြုနေသော ပိတ်ဆို့မှုများ ပြုလုပ်နေသည့် ကမ္ဘာ့ကုလသမဂ္ဂနှင့် အခြားနိုင်ငံအသီးသီးတို့အား ဤပိတ်ဆို့မှုများရပ်တန့်ရေး တောင်းဆိုပေးသွားရန်၊
- အိမ်နီးဘေးပတ်ဝန်းကျင်များ၊ လူထုအသိုင်းအဝိုင်းများနှင့် မြို့ပြဧရိယာများအား ငြိမ်းချမ်းရေးနယ်မြေအဖြစ်၊ လက်နက်ဘေးမဲ့နယ်မြေများအဖြစ် သတ်မှတ်လုပ်ကိုင်ရေးအတွက် လွတ်လပ်ပြီး လူထုအခြေပြုသည့် ဦးဆောင်မှုများအား တိုက်တွန်းပေးရန်၊
- ရန်လိုရန်ထားနှင့် အကြမ်းဖက်သည့် အပြုအမူများအား အထူးသဖြင့် ယောကျ်ားသားများအတွင်း မဖြစ်ပွားအောင် ကြိုတင်ကာကွယ်ခြင်း၊ လျှော့ချမှုပြုခြင်းစသည့် လှုပ်ရှားမှုများနှင့် စည်းရုံးလှုံ့ဆော်မှုများအား အထောက်အကူပြုပေးသွားရန်၊
- သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရေးနှင့် လူသားအများ ဒုက္ခဖြစ်စေမည့် အကျိုးဆက်အကြောင်းဆက်များ လျှော့ချရေးဆိုင်ရာ လှုပ်ရှားမှုများ၊ စည်းရုံးလှုံ့ဆော်မှုများအား အထောက်အကူပြုပေးသွားရန်တို့ပင်ဖြစ်သည်။

## လူထုလူတန်းစားအချက်အချာထားသည့် ကျန်းမာရေးကဏ္ဍ

ပြည်သူလူထုအနေဖြင့် ငွေကြေးပေးနိုင်ခြင်း မရှိစေကာမူ ကျယ်ပြန့်ပြီး ပြည့်စုံကုံလုံသည့် အခြေခံကျန်းမာရေးစောင့်ရှောက်မှု ထောက်ကူရရှိရေးအတွက် ဤပဋိညာဉ်စာတမ်းက အရေးဆိုတောင်းဆိုလိုက်ခြင်းဖြစ်သည်။ ဤအချက် လက်ဝယ်ရရှိနိုင်ရေးမှာ ကျန်းမာရေးစောင့်ရှောက်မှုဌာနများအတွင်း လုံလောက်သည့် အရင်းအမြစ်များနှင့်အတူဒီမိုကရေစီနည်းကျမှုနှင့် တာဝန်ခံတာဝန်ယူမှုများ ရှိနေရပေမည်။

*ကမ္ဘာအဝှမ်းရှိ ကမ္ဘာသူကမ္ဘာသားအပေါင်းအား ဤပဋိညာဉ်စာတမ်းက အရေးဆိုလိုက်သည်မှာ –*

- ကျန်းမာရေးလုပ်ငန်းများ၊ ဌာနများအား ပုဂ္ဂလိကပိုင်ပြုလုပ်သည့်၊ လူသုံးကုန်အသုံးအဆောင်တခုသဖွယ် ပြောင်းလဲသွားစေသည့် နိုင်ငံတကာအဆင့်၊ နိုင်ငံတော်အဆင့် မူဝါဒများကို ဆန့်ကျင်သွားရန်၊
- ပြည့်စုံကုံလုံသော အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ကျန်းမာရေးပြဿနာများအတွက် အထိရောက်ဆုံး ကိုင်တွယ်လုပ်ကိုင်သည့် နည်းလမ်းတခုအဖြစ် အစိုးရများမှနေ၍ တိုးမြှင့်လုပ်ကိုင်ခြင်း၊ ငွေကြေးအထောက်အကူပြုခြင်း၊ လုပ်ကိုင်ဆောင်ရွက်ပေးခြင်းတို့ပြုလုပ်အောင် တောင်းဆိုပေးသွားရန်နှင့် ကျယ်ပြန့်ပြီး အခမဲ့ကူညီပေးသည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းဌာနများ ဖြစ်လာအောင် အစိုးရများက လုပ်ကိုင်ဆောင်ရွက်ရေးတို့အား တောင်းဆိုပေးသွားရန်၊

- အစိုးရများမှနေ၍ နိုင်ငံတော်အဆင့် ကျန်းမာရေးနှင့် ဆေးဝါးဆိုင်ရာမူဝါဒများ လက်ခံဆောင်ရွက်ရေး၊ အကောင်အထည်ဖော်ရေးနှင့် အာဏာတည်ပြဌာန်းလုပ်ကိုင်ရေး ဖိအားပေးဆောင်ရွက်သွားရန်၊
- ပြည်သူ့ကျန်းမာရေးလုပ်ငန်းဌာနများအား ပုဂ္ဂလိကပိုင်အဖြစ်ပြုလုပ်ခြင်းအား အစိုးရများမှ ဆန့်ကျင်အောင် တောင်းဆိုသွားရန်နှင့် ကုသိုလ်ဖြစ်ကျန်းမာရေးလုပ်ငန်းများနှင့် အစိုးရပိုင်မဟုတ်သော ကျန်းမာရေးလုပ်ငန်းများအပါအဝင် ပုဂ္ဂလိကကျန်းမာရေးဌာနများ ထိရောက်စွာလုပ်ကိုင်လာရေးအတွက် ထိရောက်မှုရှိသော စည်းမျဉ်းစည်းကမ်းများ သေသေချာချာချမှတ် ဆောင်ရွက်လာအောင် တောင်းဆိုပေးသွားရန်၊
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးအား အပြင်းအထန်ပြုပြင်ပြောင်းလဲပစ်ရန် တောင်းဆိုပေးသွားရန်၊ သို့မှသာ ဆင်းရဲနွမ်းပါးသူများရင်ဆိုင်နေရသည့် ကျန်းမာရေးအခက်အခဲများကို အမှန်တကယ်တုံ့ပြန်နိုင်မည်ဖြစ်ပြီး အထက်မှအောက်သို့သွားသည့် ချဉ်းကပ်မှုများအား ရှောင်ရှားနိုင်ခြင်း၊ ဌာနကဏ္ဍအသီးသီးအကြား အလုပ်ဖြစ်မြောက်ရေး အာမခံနိုင်ခြင်း၊ ကမ္ဘာ့ကျန်းမာရေးညီလာခံကြီး၌ လူထုလူတန်းစားအဖွဲ့အစည်းများ ပူးပေါင်းလာစေခြင်းနှင့် ကော်ပိုရေးရှင်းများ၏ အကျိုးစီးပွားများမှ လွတ်လပ်မှုရှိခြင်း စသည်တို့ကို အာမခံဆောင်ရွက်ပေးသွားရန်၊
- ပြည်သူလူထု၏ အာဏာပိုမိုရရှိရေးနှင့် လူနာနှင့် ကျန်းမာရေးလုပ်ငန်း ဝယ်ယူအသုံးပြုသူများ အခွင့်အရေးအပါအဝင် ကျန်းမာရေးကဏ္ဍအဆင့်ဆင့်အတွက် ဆုံးဖြတ်ချက်ချလုပ်ကိုင်ရာ၌ ထိန်းထိန်းသိမ်းသိမ်းရှိရေးအတွက် လုပ်ကိုင်ဆောင်ရွက်မှုများတွင် တိုးမြှင့်လုပ်ဆောင်ရေး၊ အထောက်အကူပြုရေးနှင့် အာရုံစိုက်လုပ်ကိုင်ဆောင်ရွက်ရန်၊
- ရိုးရာဓလေ့ဆိုင်ရာ၊ အလုံးစုံသည့် ကုသမှုဆိုင်ရာစံများ၊ ကုသမှုပြုပေးသူများအပြင် ထိုကုသူမှုပြုပေးသူများအား အခြေခံကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်တာများ၌ ပါဝင်လုပ်ကိုင်လာနိုင်ရေး အထောက်အကူပြုပေးသွားရန်၊ အသိအမှတ်ပြုပေးသွားရန်နှင့် တိုးမြှင့်ဆောင်ရွက်ပေးသွားရန်၊
- ပြဿနာရပ်ကို၊ လက်တွေ့သဘောကို ပိုမိုအရင်းခံကူညီသည့် ကျန်းမာရေးလုပ်သားများဖြစ်လာအောင်၊ သူတို့၏လူထုအသိုင်းအဝိုင်းအပေါ် သက်ရောက်လာနိုင်သည့် ကမ္ဘာ့အဝှမ်းမှအရေးကိစ္စများကိုလည်း ကောင်းမွန်စွာ ပိုမိုသဘောပေါက်နားလည်လာအောင်၊ လူထုအသိုင်းအဝိုင်းများနှင့် အတူတကွအလုပ်လုပ်လာအောင်၊ လူထုအသိုင်းအဝိုင်းအပေါ်နှင့် အသိုင်းအဝိုင်းအတွင်းကွဲပြားမျိုးစုံမှုကို လေးစားသမှုများရှိလာအောင် ကျန်းမာရေးသင်တန်းများအတွင်း ပြောင်းလဲမှုများပြုလုပ်ပြီး သင်တန်းများပို့ချပေးရေး တောင်းဆိုပေးသွားရန်၊
- (ဆေးဝါးများအပါအဝင်) ဆေးဝါးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာနည်းပညာများအား ရှင်းရှင်းလင်းလင်းဖြစ်လာရေးနှင့် အဆိုပါနည်းပညာများ၏အခန်းကဏ္ဍမှာ ပြည်သူလူထု၏ ကျန်းမာရေးလိုအပ်ချက်များ၏ ဒုတိယအဆင့်၌သာ ထားရှိသင့်ကြောင်း တောင်းဆိုပေးသွားရန်၊
- မျိုးရိုးဗီဇဆိုင်ရာသုတေသနပြုလုပ်ခြင်းအပါအဝင် ကျန်းမာရေး၊ ဆေးဝါးဖော်ထုတ်ခြင်း၊ မျိုးပွားမှုဆိုင်ရာ နည်းပညာများအားလုံးသုတေသနပြုလုပ်သည့်အခါ တာဝန်ခံတာဝန်ယူမှုရှိသော ဌာနအဖွဲ့အစည်းများမှနေ၍ ပူးပေါင်းပါဝင်မှုအပြည့်ရှိသည့်၊ လိုအပ်ချက်ကိုသာ ပဓာနထားသည့် သုတေသနလုပ်ငန်းများ ပြုလုပ်သွားရေး တောင်းဆိုပေးသွားရန်ဖြစ်သည်။ အဆိုပါသုတေသနလုပ်ငန်းမှာ ပြည်သူလူထုဦးစားပေး၊ ပြည်သူ့ကျန်းမာရေးအရေးကိစ္စဦးစားပေး ဖြစ်ရမည့်အပြင် အပြည်ပြည်ဆိုင်ရာကျန်းမာရေးစံမူများကိုလည်း လေးစားသမှုရှိသင့်သည်။
- ပြည်သူလူထု၏ မျိုးပွားမှုဆိုင်ရာအခွင့်အရေး၊ လိင်ရွေးချယ်မှုဆိုင်ရာဆုံးဖြတ်ပိုင်ခွင့်များကို ထောက်ခံပေးသွားရန်နှင့် လူဦးရေနှင့် မိသားစုစီမံကိန်းဆိုင်ရာ မူဝါဒများအတွင်း အတင်းအဓမ္မဆန်သည်များကို ဆန့်ကျင်ပေးသွားရန်ပင်ဖြစ်သည်။ ဤထောက်ခံကူညီမှု၌ ပြည်သူလူထု၏ လုံခြုံပြီး ထိရောက်သည့် စည်းမျဉ်းစည်းကမ်းနှင့်အညီရှိသော မျိုးပွားမှုဆိုင်ရာနည်းပညာမှန်သမျှသို့ ရယူနိုင်ရေးအခွင့်အရေးလည်း ပါဝင်စေရမည်။

## ကျန်းမာသန်စွမ်းသောကမ္ဘာတခုအတွက် ပြည်သူလူထု၏ပူးပေါင်းပါဝင်ဆောင်ရွက်မှု

ဒီမိုကရေစီစနစ်ပိုကျသည့်၊ ပရိယာယ်ကင်းပွင့်လင်းသည့်၊ တာဝန်ခံတာဝန်ယူမှုရှိသည့် ဆုံးဖြတ်ချက်ချလုပ်ကိုင်ဆောင်ရွက်ရေး လုပ်ငန်းစဉ်များ၌ ခိုင်မာသည့် လူထုအဖွဲ့အစည်းများနှင့် လှုပ်ရှားဆောင်ရွက်မှုများသည် အခြေခံအထူးကျပေသည်။ ပြည်သူလူထု၏ အရပ်သားဆိုင်ရာ၊ နိုင်ငံရေးဆိုင်ရာ၊ စီးပွားရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို အာမခံပေးနိုင်ရေးမှာ အထူးအရေးကြီးလှသည်။ ကျန်းမာရေးနှင့် လူ့အခွင့်အရေးအတွက် သာတူညီမျှသည့်ချဉ်းကပ်မှုများနှင့် တိုးမြှင့်လုပ်ကိုင်ဆောင်ရွက်ရေးအတွက် အစိုးရများ၌ အခြေခံတာဝန်ရှိနေသည်နှင့်တချိန်တည်းတွင် ပြည်သူလူထုအာဏာ၊ မူဝါဒဆိုင်ရာတီထွင်ရေးဆွဲရာ၌ ထိန်းထိန်းသိမ်းသိမ်းပြုနိုင်ရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးများ ဖြစ်ပွားနေခြင်းရှိမရှိကိုလည်း လူထုအခြေပြုအစုအဖွဲ့များ၊ လှုပ်ရှားမှုများနှင့် သတင်းဌာနများက စောင့်ကြည့်တည့်မတ်ရေး၌ အရေးကြီးသောအခန်းကဏ္ဍတရပ်တွင် ရှိနေပေသည်။

*ကမ္ဘာ့အဝှမ်းရှိ ကမ္ဘာ့သူကမ္ဘာ့သားအပေါင်းအား ဤပဋိဉာဉ်စာတမ်းက အရေးဆိုလိုက်သည်မှာ –*

- ခွဲခြမ်းစိတ်ဖြာမှုနှင့် လုပ်ကိုင်ဆောင်ရွက်မှု တီထွင်လုပ်ဆောင်နိုင်ရေးအတွက် ပြည်သူလူထုအခြေပြုအဖွဲ့အစည်းများအား တည်ဆောက်ပေးသွားရန်နှင့် ပိုမိုခိုင်မာအောင်ဆောင်ရွက်ပေးသွားရန်၊
- ပြည်သူလူထုဆိုင်ရာဌာနများအတွက် ဆုံးဖြတ်ချက်ချလုပ်ကိုင်ဆောင်ရွက်မှု အဆင့်ဆင့်တို့၌ လူထု၏ပူးပေါင်းပါဝင်ပတ်သက်မှုကို ထောက်ကူပေးသွားရန်၊ အထူးအားပေးလုပ်ဆောင်ပေးသွားရန်နှင့် အာရုံစိုက်လုပ်ကိုင်ပေးသွားရန်၊
- ဒေသဆိုင်ရာ၊ နိုင်ငံတော်ဆိုင်ရာ၊ နိုင်ငံတကာဆိုင်ရာရှိ ကျန်းမာရေးနှင့်ပတ်သက်သမျှသော ဆွေးနွေးပွဲများအတွင်း ပြည်သူလူထုဆိုင်ရာအဖွဲ့အစည်းများ၏ ကိုယ်စားပြုမှုရှိရေး တောင်းဆိုပေးသွားရန်၊
- ကမ္ဘာ့အဝှမ်း ပြည်သူလူထုအချက်အချာထားသည့် စုပေါင်းဆက်နွယ်ဆောင်ရွက်မှုများ တည်ဆောက်လုပ်ကိုင်ရေးမှတဆင့် ပူးပေါင်းပါဝင်မှုရှိသည့် ဒီမိုကရေစီသို့ရှေးရှုသော ဒေသတွင်းဦးဆောင်မှုများကို ထောက်ခံကူညီပေးသွားရန်တို့ပင်ဖြစ်သည်။

## *ပြည်သူလူထုကျန်းမာရေးဆိုင်ရာညီလာခံကြီးနှင့် ပဋိဉာဉ်စာတမ်း*

ပီအိတ်ချ်အေ ခေါ် ပြည်သူလူထုကျန်းမာရေးဆိုင်ရာညီလာခံကြီး၏ အတွေးအယူကို ဆယ်စုနှစ်တစုကျော်ကြာ ဆွေးနွေးလာခဲ့ကြပြီးဖြစ်သည်။ ထိုညီလာခံကြီး၏ နည်းလုပ်ငန်းစဉ်များကို အဖွဲ့အစည်းအချို့မှ ၁၉၉၈ ခုနှစ်တွင် အစပျိုးလုပ်ကိုင်ခဲ့ကြပြီး နိုင်ငံတကာညီလာခံကြီးတရပ်အား ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်အတွင်း ကျင်းပနိုင်ရေး စတင်အစီအစဉ်များ ပြုလုပ်ခဲ့ကြသည်။ ဒေသဆိုင်ရာဆွေးနွေးပွဲများ၊ ပြည်သူလူထုကျန်းမာရေးအကြောင်းအရာများ စုဆောင်းခြင်းနှင့် ပြည်သူလူထုဆိုင်ရာကျန်းမာရေးပဋိဉာဉ်စာတမ်းအား အကြမ်းရေးဆွဲခြင်းအပါအဝင် ညီလာခံအကြိုနှင့် ညီလာခံနောက်ပိုင်းဆောင်ရွက်မှု အမြောက်အမြားကိုလည်း လုပ်ကိုင်ခဲ့ကြသည်။ လက်တလောရှိနေသည့် ပြည်သူလူထုဆိုင်ရာကျန်းမာရေးပဋိဉာဉ်စာတမ်းသည် ကမ္ဘာ့အဝှမ်းမှ ကမ္ဘာ့သူကမ္ဘာ့သားများ၊ လူထုအဖွဲ့အစည်းများ၏ အယူအမြင်များဖြင့် ရေးဆွဲထားခြင်းဖြစ်ပြီး ဒီဇင်ဘာလ ၂၀၀၀ ခုနှစ်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဆာဗာမြို့၌ကျင်းပခဲ့သော ညီလာခံကြီးမှစ၍ အတည်ပြုလက်ခံလုပ်ဆောင်ရေးကို စတင်ဖွင့်ပေးခဲ့ပြီဖြစ်သည်။ ဤပဋိဉာဉ်စာတမ်းသည် မိမိတို့အားလုံး၏ စိုးရိမ်ပူပန်နေမှုများ၊ ပိုမိုကောင်းမွန်ပြီး ပိုမိုကျန်းမာသည့် ကမ္ဘာတရပ်ဖြစ်ရေးအတွက် မိမိတို့၏ရည်မှန်းချက်နှင့် ထိရောက်လျင်မြန်သည့် လုပ်ကိုင်ဆောင်ရွက်မှုပြုလုပ်နိုင်ရေးတို့ကို ထုတ်ဖော်တင်ပြထားသည့် စာတမ်းတရပ်ဖြစ်သည်။ ကမ္ဘာ့အဝှမ်းရှိ ကျန်းမာရေးဆိုင်ရာ လှုပ်ရှားမှုအတွက်၊ ဆက်နွယ်လုပ်ဆောင်မှုများအတွက်၊ စုစည်းလုပ်ဆောင်မှုများ ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးအတွက် စည်းရုံးလုပ်ကိုင်ရာ၌ လက်နက်ကိရိယာသဖွယ် အသုံးပြုနိုင်အောင် ရေးဆွဲပေးထားသည့် စည်းရုံးရေးပစ္စည်းတခုပင်ဖြစ်ပေသည်။

# ပြင်ဆင်ချက်

- ဒီဇင်ဘာလ (၈) ရက်၊ ၂၀၀၀ ခုနှစ်တွင် ပီစီအိတ်ချ်ကို ထောက်ခံအတည်ပြုအပြီး၌ စီးပွားရေးဆိုင်ရာစိန်ခေါ်မှုများအောက်ရှိ နံပါတ် (၁) နှင့် (၂) တို့အတွက် လုပ်ကိုင်ဆောင်ရွက်ရေး အရေးဆိုချက်များတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီး၏ လူမှုရေးဆိုင်ရာအပိုဒ်အား ထောက်ခံမှုပြုပေးသွားရန်ဟု ပြန်လည်အဓိပ္ပါယ်ဖွင့်ဆိုရန်ဖြစ်သည်။ အဆိုပါလူမှုရေးဆိုင်ရာအပိုဒ်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ကြီးအား ပိုမိုခိုင်မာအောင်နှင့် ၎င်း၏ လစ်ဘရယ်လက်သစ်ဆိုင်ရာ အစီအစဉ်ကိုလည်း ပိုမိုခိုင်ခန့်စေသောအရာများ ဖြစ်သောကြောင့်ပင်။ အဆိုပါအစီအစဉ်များက ပီအိတ်ချ်အေ၏ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အား ပြုပြင်ပြောင်းလဲရန်နှင့် အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးစနစ်အား ပြုပြင်ပြောင်းလဲရေးအလို့ငှာ တောင်းဆိုချက်များအား တန်ပြန်နေသည်ဖြစ်ရာ အဆိုပါစာပိုဒ်နှစ်ပိုဒ်အား ပေါင်းစည်းပြင်ဆင်ရေးသားခဲ့ကြသည်။
- စစ်ပွဲ၊ အကြမ်းဖက်ခြင်းနှင့် ပဋိပက္ခဟူသောအခန်း၌ သဘာဝဘေးအန္တရာယ်ကို ဖြည့်သွင်းရေးသားခဲ့ကြသည်။ ယခုစာတမ်းအတွင်း လုပ်ကိုင်ဆောင်ရွက်ရေးအရေးဆိုချက်များ၏ နံပါတ် (၅) ၌ ကျူးကျော်မှုများအပြီးသတ် ရပ်တန့်ရေးကို ဖြည့်ဆည်းရေးသားခဲ့ကြသည်။ ထို့အပြင် ယခင်ကနံပါတ် (၇)၊ ယခုစာတမ်းအတွင်း နံပါတ် (၈) ဖြစ်လာသောအပိုဒ်တွင်လည်း ပိတ်ဆို့အရေးယူမှုမျိုးစုံအား အပြီးတိုင်ရပ်တန့်ပစ်ရေးဟု ပြင်ဆင်ရေးသားခဲ့ကြသည်။ သဘာဝဘေးအန္တရာယ်နှင့်စပ်လျဉ်း၍မူ နံပါတ် (၁၁) အား ထပ်မံဖြည့်သွင်း ရေးသားခဲ့ကြသည်။

***ပဋိညာဉ်စာတမ်းအား လက်ခံအတည်ပြုရေးအတွက် ပူးပေါင်းလက်တွဲကြပါရန်***

ဤကမ္ဘာအဝှမ်း လှုပ်ရှားမှုကြီးအား မိမိတို့နှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရန် တသီးပုဂ္ဂလများ၊ အဖွဲ့အစည်းများအားလုံးအား ဖိတ်ခေါ်လိုက်ပြီး ဤပြည်သူလူထုဆိုင်ရာကျန်းမာရေးပဋိညာဉ်စာတမ်းအား လက်ခံအတည်ပြုရေး၊ အကောင်အထည်ဖော်ရာ၌ ကူညီဆောင်ရွက်ရေးအတွက် ဖိတ်ကြားလိုက်ရပါသည်။

## အပြည်ပြည်ဆိုင်ရာအတွင်းရေးမှူးအဖွဲ့၏ ညှိနှိုင်းဆောင်ရွက်သူ

ဟာနီ ဆယ်ရက်ဂ် (Hani Serag)
Email: secretariat@phmovement.org
Web: www.phmovement.org

## စီစဉ်ကြီးကြပ်သူအဖွဲ့

ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့
(Association for Health and Environmental Development [AHED])
Address: 17 Beirut St., APT. # 501 – Heliopolis, Cairo – Egypt
Tel: +20 2 256 5613
Fax: +20 2 256 5612

## အပြည်ပြည်ဆိုင်ရာအတွင်းရေးမှူးအဖွဲ့ကော်မီတီ

ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရေးအဖွဲ့ [AHED]
Web: www.ahedegypt.org
Email: ahednet@ahedegypt.org & hpsp@ahedegypt.org

ပါလက်စတိုင်းဆေးဝါးထောက်ပံ့ကူညီရေးအဖွဲ့ (The Palestinian Medical Relief Society [PMRS]), formerly UPMRC
Web: www.upmrc.org
Email: pmrs@pmrs.ps

အာရပ်အရင်းအမြစ်စုပေါင်းလုပ်ငန်း (Arab Resource Collective [ARC])
Web: www.mawared.org
Email: arccyp@spidernet.com.cy (Cyprus)
arcleb@mawared.org (Labanon)

## ယခင်ကတာဝန်ယူခဲ့သည့် အပြည်ပြည်ဆိုင်ရာအတွင်းရေးမှူးအဖွဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့သူများ

ဒေါက်တာ ရာဗီ နာရာယန် (၂၀၀၃–၂၀၀၆) [Dr. Ravi Naryan]
Email: ravi@phmovement.org
Host Organization
The Community Health Cell (CHC), Bangalore, India
Web: http//www.sochara.org

ဒေါက်တာ ကွာဆန်မ် ချောင်ဒူရီ [Dr. Qasem Chowdhury]
Email: gksavar@citechco.net
Host Organization
People's Health Center, Goonoshasthaya Kendra (GK), Savar, Bangladesh